Message Ten

# ခရစ်တော် - နိုင်ငံတော်ကို တည်ထောင်သောအရှင်

# နှင့်

# ဘုရားသခင်၏နှုတ်ကပတ်တော် - ဘုရင်တကာတို့၏ဘုရင်နှင့် သခင်တကာတို့၏သခင်

ဖတ်ရန်ကျမ်း။ ။ဗျာ၊၂၀း၁-၆။ ၁၉း၁၁-၁၆၊ ၁၉-၂၁

## I. ခရစ်တော်သည် နိုင်ငံတော်ကို တည်စေသောအရှင် ဖြစ်သည် - ဗျာ၊၂၀း၁-၆။

A. ကိုယ်တော်၏ရန်သူများကို တိုက်ခိုက်ပြီးနောက် ခရစ်တော်သည် မြေကြီးပေါ်မှာ အနှစ်တစ်ထောင်လုံးလုံး မြေကြီးပေါ် တွင် ဘုရားသခင်၏နိုင်ငံတော်၊ မိလေနီနိုင်ငံတော်ကို တည်ထောင်ပြီး၊ ကိုယ်တော်၏ အောင်မြင်သော ယုံကြည်သူများနှင့်အတူ အနှစ်တစ်ထောင်လုံးလုံး စိုးစံကြမည်ဖြစ်သ်ည - အငယ်၊၂။

B. လောကမြေကြီးတစ်ခုလုံးသည် ဘုရားသခင်၏နိုင်ငံတော်ရောက်လာခြင်းအတွက် ပြင်ဆင်ခြင်းအဖြစ် ဖယ်ရှားရှင်းလင်းခံရမည်ဖြစ်သည်။

C. တစ်ခုတည်းသောအရာသာ ကျန်ရှိနေမည်၊ ယင်းမှာ ပြဿနာအားလုံး၏ အရင်းအမြစ်ဖြစ်သည့် စာတန်ဖြစ်သည်။

D. မိလေနီကာလနှင့်စပ်လျဉ်းသည့် အခန်းကြီးဖြစ်သည့် ဗျာဒိတ် ၂၀ တွင် ဖော်ပြထားသည့် ပထမဆုံးအချက်မှာ စာတန်ကို ချုပ်နှောင်ခြင်းဖြစ်သည်။

1. သခင်ဘုရားသည် စာတန်ကို ကားတိုင်ပေါ်မှာ စီရင်ခဲ့သော်လည်း၊ ထိုစီရင်ခြင်းသည် အပြည့်အဝ စီရင်ဆောင်ရွက်ခြင်း မရှိသေးပါ။
2. သခင်ဘုရား ပြန်ကြွလာသောအခါ ကိုယ်တော်သည် ကားတိုင်ပေါ်မှာ စာတန်အပေါ် ပြီးမြောက်ခဲ့ပြီးသော တရားစီရင်ခြင်းကို အပြည့်အဝ စီရင်ဆောင်ရွက်လိမ့်မည်ဖြစ်သည်။
3. စာတန်သည် ချုပ်နှောင်ခံ၍ အနက်ဆုံးတွင်းအထဲသို့ ချပစ်ခံရကာ၊ လုပ်ဆောင်ရန် သို့မဟုတ် မည်သူ့ကိုမျှ ဖျက်ဆီးခြင်းပြုရန် တန်ခိုးမဲ့သွားလိမ့်မည်။ ထိုအခါ မြေကြီးသည် ခရစ်တော်၏ နိုင်ငံတော် ဖြစ်လာလိမ့်မည်။

E. သမ္မာကျမ်းစာ၏ ပရောဖက်ပြုချက်များအရ မိလေနီကာလသည် အပိုင်းနှစ်ပိုင်းရှိသည်၊ အထက်ပိုင်း ဖြစ်သည့် ကောင်းကင်ဆိုင်ရာအပိုင်းနှင့် အောက်ပိုင်းဖြစ်သည့် မြေကြီးဆိုင်ရာအပိုင်း တို့ဖြစ်သည်။

1. မိလေနီကာလ၏ အထက်ပိုင်းသည် ခမည်းတော်၏နိုင်ငံတော်ဟု ခေါ်ဆိုမည်ဖြစ်ပြီး (မ၊၁၃း၄၃)၊ အောက်ပိုင်းကို လူသားတော်၏ နိုင်ငံတော်ဟု ခေါ်ဆိုမည်ဖြစ်သည် (အငယ်၊၄၁)။
2. မေရှိယ၏နိုင်ငံတော် သို့မဟုတ် မေရှိယဆိုင်ရာ နိုင်ငံတော်သည် မိလေနီကာလ၏ အောက်ပိုင်းအတွက် နောက်ထပ် နာမည်တစ်ခုဖြစ်သည်။

F. ဗျာဒိတ် ၂၀း၄-၆ တွင် နိုင်ငံတော်ကို တည်ထောင်သူအဖြစ် ခရစ်တော်သည် အောင်မြင်သော သန့်ရှင်းသူများနှင့်အတူ စိုးစံလိမ့်မည်ဖြစ်သည်။

1. အောင်မြင်သောသူများသည် ယေရှုခရစ်၏ နိုင်ငံတော်ကို ယူဆောင်လာမည်ဖြစ်သောကြောင့် သခင်ဘုရားသည် အနှစ်တစ်ထောင် စိုးစံရလိမ့်မည်ဖြစ်ပြီး၊ အောင်မြင်သောသူများသည်လည်း ခရစ်တော်နှင့်အတူ အနှစ်တစ်ထောင် စိုးစံလိမ့်မည်ဖြစ်သည်။
2. ဗျာဒိတ် ၂၀း၄ တွင် "ပလ္လင်များကိုလည်း ငါမြင်၏။ ပလ္လင်ပေါ်မှာ ထိုင်သောသူတို့သည် တရားစီရင်ရသောအခွင့်ကို ရကြ၏" ဟု ပြောထားသည်။
   a. *သူတို့* ဟူသောစကားလုံးမှာ အောင်မြင်သောသူများကို ရည်ညွှန်းသည်။
   b. သူတို့သည် ယခု ပလ္လင်များပေါ်တွင် ထိုင်နေကြပြီး၊ စီရင်ရန် အခွင့်အာဏာကို သူတို့ထံ ပေးထားခဲ့ပြီဖြစ်သည်။
      (1) တရားစီရင်ရန် အခွင့်အာဏာရှိခြင်းမှာ နိုင်ငံတော်ရှိခြင်းကို ဆိုလိုသည် - ညွှန်း၊ ဒံ၊၇း၁၀၊ ၁၈၊ ၂၂။

(2) ဗျာဒိတ် ၂၀ အပိုဒ်ငယ် ၄ တွင် အောင်မြင်သောသူများသည် နိုင်ငံတော်ကို ရရှိကြကာ၊ မွေ့လျော်ဝမ်းမြောက်နေကြကြောင်း ညွှန်ပြထားသည်။

G. အောင်မြင်သောသူများသည် ခရစ်တော်နှင့်အတူ စိုးစံရန် အရည်အချင်းပြည့်မီလာကြသည်၊ ယင်းမှာ ယေရှု၏လူသားဇာတိကို သူတို့အထဲသို့ လုပ်ဆောင်ခံရခြင်းအားဖြင့် ဖြစ်သည် - ၂း၂၆။

H. မိလေနီကာလတွင် ခရစ်တော်နှင့်အတူ စိုးစံကြမည့် အောင်မြင်သောသူများသည် အကောင်းဆုံးသော ရှင်ပြန်ထမြောက်ခြင်းကို မွေ့လျော်ဝမ်းမြောက်ကြလိမ့်မည်ဖြစ်သည်။

1. ဗျာဒိတ် ၂၀း၆ တွင် "ပထမ ထမြောက်ခြင်း"ကို ပြောဆိုထားသည်။
2. ပထမထမြောက်ခြင်းမှာ "သာ၍မြတ်သောထမြောက်ခြင်း"လည်း ဖြစ်ကာ၊ ယင်းမှာ တမန်တော်ပေါလု ရှာဖွေနေသည့် သာလွန်ထူးမြတ်သော ထမြောက်ခြင်းဖြစ်သည် - ဖိ၊၃း၁၁။

I. ဗျာဒိတ် ၂၀း၆က တွင် "ပထမ ထမြောက်ခြင်းကို ဝင်စားသောသူသည် မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူဖြစ်၏" ဟုပြောထားသည်။ ဤအရာသည် အမြင့်ဆုံးသော ကောင်းချီးမင်္ဂလာ - မြေကြီးပေါ်မှာ ထင်ရှားပေါ်လာသည့် နိုင်ငံတော်ကို အမွေခံရ၍၊ ၎င်းအတွင်း၌ ဘုရင်များဖြစ်ခြင်း - ဖြစ်ရမည်ဖြစ်သည်။

J. "ထိုသို့သောသူတို့သည် ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ ယဇ်ပုရောဟိတ်ဖြစ်၍၊ အနှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရကြလိမ့်မည်" (အငယ်၊၆ခ)။ အောင်မြင်သောသူများသည် ဘုရားသခင်ကို ဆက်သွယ်ရန် ယဇ်ပုရောဟိတ်များနှင့် မိလေနီကာလရှိ လူမျိုးများအပေါ် စိုးစံရန် ခရစ်တော်နှင့်အတူ တွဲဖက်ဘုရင်များဖြစ်ကြမည်ဖြစ်သည် (၂း၂၆-၂၇။ ၃း၅)။

## II. ဗျာဒိတ် ၁၉း၁၁-၁၆ နှင့် ၁၉-၂၁ တွင် ခရစ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် - ဘုရင်တကာတို့၏ဘုရင်နှင့် သခင်တကာတို့၏သခင် အဖြစ် ဖွင့်ပြထားသည်။

A. ကိုယ်တော်၏မင်္ဂလာဆောင်စားသောက်ပွဲပြီးနောက် (အငယ်၊၇)၊ ခရစ်တော်သည် ကိုယ်တော်၏စစ်တပ်ဖြစ်သည့် အောင်မြင်သော ယုံကြည်သူများဖြစ်သော ကိုယ်တော်၏သတို့သမီးနှင့်အတူ တိုက်ခိုက်မည့် တပ်မှူးအဖြစ် ကြွလာ၍ အန္တိခရစ်ကို တိုက်ခိုက်မည်ဖြစ်သည်။ လူသည် သခင်တကာတို့၏သခင်နှင့် ဘုရင်တကာတို့၏ဘုရင်ကိုပင် တိုက်ရိုက် ဆန့်ကျင်ကာ စစ်ပွဲဆင်နွှဲမည်ဖြစ်လေသည်။

1. အန္တိခရစ်၊ လွဲမှားသောပရောဖက်နှင့် ဘုရင်ဆယ်ပါးနှင့် သူတို့၏စစ်တပ်များများသည် သိုးသငယ်ကို ဆန့်ကျင်စစ်တိုက်ကြမည်ဖြစ်သည်။
2. ဤစစ်ပွဲသည် မြေကြီးက ကောင်းကင်ကို ဆန့်ကျင်သော၊ လူက ဘုရားသခင်ကို ဆန့်ကျင်သော စစ်ပွဲဖြစ်လိမ့်မည်။
3. ခရစ်တော်၏ရန်သူများသည် ပို၍ ဆိုးညစ်လာ၍ ကိုယ်တော်ကိုပင် ဆန့်ကျင် စစ်ကြေညာမည်ဖြစ်သည်။
4. လူက ဘုရားသခင်အပေါ် အမှန်ပင် စစ်ကြေညာခြင်းနိုင်ခြင်းမှာ အမှန်စင်စစ် အံ့အားသင့်လောက်စရာဖြစ်သည်။
5. သတို့သားဖြစ်သည့် ခရစ်တော်သည် ကိုယ်တော်၏သတို့သမီးနှင့်အတူ သူတို့ကို ဆန့်ကျင်တိုက်ခိုက်ရန် ကြွလာလိမ့်မည်။

B. "ထိုအခါ ကောင်းကင် ဖွင့်လှစ်လျက်ရှိသည်ကို ငါမြင်လျှင်၊ မြင်းဖြူ ရှိ၏။ မြင်းစီးသောသူသည် သစ္စာဟူသောအမည်၊ ဟုတ်မှန်ခြင်း ဟူသောအမည် ရှိသတည်း။ ထိုသူသည် ဖြောင့်မတ်ခြင်း၌ စီရင်၍၊ စစ်တိုက်တတ်၏" - အငယ်၊၁၁။

1. *သစ္စာနှင့် ဟုတ်မှန်ခြင်း* မှာ ခရစ်တော်၏ ဂုဏ်ပုဒ်များဖြစ်လိမ့်မည်။
2. ခရစ်တော်သည် ဘုရားသခင်ထံသို့လည်းကောင်း၊ ကိုယ်တော်၌ယုံကြည်သောသူတို့၌လည်းကောင်း သစ္စာရှိတော်မူသည်။
3. ကိုယ်တော်၏ သစ္စာရှိတော်မူခြင်း၌ ဘုရားသခင်ကို ဆန့်ကျင်သော၊ ယုံကြည်သူများကို ညှဉ်းပန်းနှိပ်စက်သောသူတို့အား အနိုင်ရကာ ဖျက်ဆီးတော်မူသည်။
4. ကိုယ်တော်သည် ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ခြင်းနှင့် ကိုယ်တော်၌ ယုံကြည်သောသူများကို ဂရုစိုက်ခြင်းတို့၌လည်း ဟုတ်မှန်ခြင်း ရှိတော်မူသည်။

C. ခရစ်တော်သည် ဘုရားသခင်၏ သစ္စာရှိသော၊ ဟုတ်မှန်သော သက်သေဖြစ်ပြီး၊ မြင်းဖြူပေါ်မှာ ထိုင်တော်မူလျက်၊ ဖြောင့်မတ်ခြင်း၌ တရားစီရင်လျက်၊ စစ်တိုက်တော်မူသည်။

1. ခရစ်တော်သည် စာတန်၏ မဖြောင့်မတ်ခြင်း တန်ခိုးကို ဆန့်ကျင်တိုက်ခိုက်ရန် ပြန်ကြွလာမည်ဖြစ်သည်၊ ယင်းသည် ယနေ့ လောကတွင် တရားမဲ့ခြင်း၏ နက်နဲခြင်းအဖြစ် ပြုပြင်လုပ်ဆောင်လျက်ရှိပြီး၊ တရားမဲ့သောလူဖြစ်သည့် အန္တိခရစ်၌ ၎င်း သည် ထွက်ပေါ်ထင်ရှားလာမည်ဖြစ်သည် - ၂သက်၊၂း၃၊ ၇-၈။
2. လောကတစ်ခုလုံးသည် စာတန်ဆိုင်ရာ မဖြောင့်မတ်ခြင်းတန်ခိုးအောက်မှာ ရှိနေသည်။
3. ဖြောင့်မတ်ခြင်း၌ ခရစ်တော်သည် အန္တိခရစ်နှင့် သူ၏မိတ်ဖက်များအားလုံးအားဖြင့် ကျင့်သုံးနေသည့် မဖြောင့်မတ်ခြင်းကို ဆန့်ကျင် စစ်တိုက်တော်မူရန် ပြန်ကြွလာမည်ဖြစ်သည်။
4. ခရစ်တော်သည် ဖြောင့်မတ်ခြင်း၌ တရားစီရင်ရုံသာမက၊ ဖြောင့်မတ်ခြင်း၌လည်း တိုက်ခိုက်တော်မူမည်။ ကိုယ်တော်သည် တိုက်ခိုက်ခြင်းအားဖြင့် တရားစီရင်တော်မူသည်။

D. "ဘုရားသခင်၏ နှုတ်ကပတ်တော်ဟူသော အမည်ရှိ၏" - ဗျာ၊၁၉း၁၃။
1. ဤသည်မှာ သခင်ဘုရားကိုယ်တော်တိုင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း ညွှန်ပြသည်။
2. သခင်ဘုရား၏နာမတော်ကို ဘုရားသခင်၏နှုတ်ကပတ်တော်ဟု ခေါ် ခြင်းမှာ ကိုယ်တော်သည် ဘုရားသခင်၏ ထင်ရှားခြင်း၊ သက်သေခံချက်နှင့် စကားပြောခြင်းဖြစ်ကြောင်း ဆိုလိုသည်။
3. ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဘုရားသခင်၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းဖော်ပြချက်နှင့် ထင်ရှားခြင်းဖြစ်သည်။
4. ဘုရားသခင်ကို သိကျွမ်းရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ခရစ်တော်အပေါ် ဖတ်ရှုခြင်း၊ လေ့လာခြင်း၊ ကြည့်မျှော်ခြင်း၊ အာရုံပြုဆင်ခြင်ခြင်း၊ စိုက်ကြည့်ခြင်း ရှိရန် လိုအပ်သည်။

E. ဗျာဒိတ် ၁၉ တွင် ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ခရစ်တော်သည် ပုန်ကန်သောလူမျိုးများအပေါ် ဘုရားသခင်၏တရားစီ ရင်ခြင်းကို စီရင်ဆောင်ရွက်ခြင်းအားဖြင့် ဘုရားသခင်အတွက် စကားပြောနေသည်။
1. သခင်ဘုရားသည် တိုက်ခိုက်သည်နည်းတူ ကိုယ်တော်သည် ဘုရားသခင်အတွက် စကားပြော၍ ဘုရားသခင်ကို ထင်ရှား စေသည်။
2. ဘုရားသခင်သည် ရှုပ်ထွေးခြင်း၏ ဘုရားသခင်မဟုတ်ပါ။ ကိုယ်တော်သည် ဖြောင့်မတ်၍၊ အုပ်စိုးစီမံတော်မူသည်။ ကိုယ် တော်သည် အစီအစဉ်တကျရှိသော ဘုရားသခင်ဖြစ်ကာ၊ ထိုသို့ဖြင့် ကိုယ်တော်သည် ဖရိုဖရဲဖြစ်ခြင်းနှင့် ပုန်ကန်ခြင်းကို သည်းခံတော်မမူပါ။
3. ခရစ်တော်သည် ရန်သူကို ဆန့်ကျင်တိုက်ခိုက်နေစဉ် ဘုရားသခင်သည် အုပ်စိုးစီမံကြောင်း၊ ဖြောင့်မတ်ကြောင်း၊ အစီအစဉ် တကျဖြစ်ကြောင်း ကိုယ်တော် စကားပြောတော်မူသည်။
4. ကိုယ်တော်က ဘုရားသခင်သည် အယောက်တိုင်းအပေါ် ဘုရားသခင်ဖြစ်တော်မူ၍၊ ကိုယ်တော်၏အခွင့်အာဏာကို ဆန့် ကျင်ပုန်ကန်ခြင်းအား ကိုယ်တော် သည်းခံတော်မမူကြောင်း ကြေညာလိမ့်မည်ဖြစ်သည်။
5. စစ်သူရဲသည် နှုတ်ကပတ်တော်ဖြစ်သည်။ ကိုယ်တော်၏တိုက်ခိုက်ခြင်းသည် ဘုရားသခင့်နှုတ်ကပတ်တော်ကို စကားပြော ခြင်းဖြစ်သည်။
6. သခင်ဘုရား၏ အာမဂေဒုန်အရပ်၌ စစ်ပွဲ တိုက်ခိုက်ခြင်းမှာ တန်ခိုးကြီးမားသော စကားပြောခြင်း ဖြစ်လိမ့်မည်။
   a. ယင်းက စာတန်၊ အန္တိခရစ်၊ လွဲမှားသောပရောဖက်နှင့် စကြဝဠာတစ်ခုလုံးအား ဘုရားသခင်သည် အုပ်စိုးစီမံကြောင်းနှင့် မည်သူမျှ ကိုယ်တော်ကို ဆန့်ကျင်ပုန်ကန်နိုင်ခြင်းမရှိကြောင်း ပြောလိမ့်မည်ဖြစ်သည်။
   b. အစီအစဉ်တကျဖြစ်သော ဘုရားသခင်သည် ပုန်ကန်ခြင်းအားလုံးကို ရှင်းထုတ်ဖယ်ရှားလိမ့်မည်ဖြစ်သည်။

**III. ခရစ်တော်သည် မြေကြီးကို ပိုင်ဆိုင်ရယူပြီးနောက် ကိုယ်တော်သည် နိုင်ငံတော်ရှိ ရှင်ဘုရင်အဖြစ် မြေကြီးပေါ်မှာ စိုးစံလိမ့်မည်ဖြစ် ပြီး၊ ကိုယ်တော်၏အောင်မြင်သော ယုံကြည်သူများနှင့်အတူ လူမျိုးတို့အပေါ် အုပ်စိုးလိမ့်မည်ဖြစ်သည် - ၂၀း၄၊ ၆။ ၂း၂၆-၂၇။**

A. ရောက်လာမည့် ရှင်ဘုရင်အဖြစ် ကိုယ်တော်သည် မိလေနိကာလရှိ ရောက်လာမည့် ဘုရားသခင်၏နိုင်ငံတော်၌ ဦးခေါင်းတော်နှင့် အလယ်ဗဟို ဖြစ်လိမ့်မည်ဖြစ်သည်။

B. ဤအရာသည် ဟေရှာယ ၃၂း၁၊ ယေရမိ ၂၃း၅ နှင့် ဇာခရိ ၁၄း၉၊ ၁၇ တို့၏ ပြီးမြောက်ပြည့်စုံခြင်း ဖြစ်လိမ့်မည်။

C. ခရစ်တော်သည် မြေကြီးနှင့် ၎င်းရှိလူများအားလုံးကို (ကော၊ ၁း၂၀) နိုင်ငံတော်၏ အဝန်းအဝိုင်းနှင့် ပါဝင်သောအရာများဖြစ်ရန် ရွေးနုတ်ခဲ့ပြီး၊ ကိုယ်တော်သည် နိုင်ငံတော်ကို ဝယ်ယူရန် ရှိသမျှအားလုံးကို ရောင်းချခဲ့ကာ (မ၊ ၁၃း၄၄)၊ မြေကြီးနှင့် ၎င်းရှိ လူများအားလုံးကို စာတန်၏မတရားသိမ်းပိုက်ခြင်းမှ ကယ်နုတ်တော်မူခဲ့သည် (ဗျာ၊ ၂၀း၂-၃)။

D. ကိုယ်တော်သည် ပြန်လည်ရယူသော မြေကြီးနှင့် ပြန်လည်ရယူသော လူမျိုးများ၏ ရှင်ဘုရင်ဖြစ်ရန် အပြည့်အဝ အခွင့်ရှိတော်မူလိမ့်မည်ဖြစ်သည်။

E. ကိုယ်တော်၏ရောက်လာမည့် စိုးစံခြင်း၌ ဘုရားသခင်၏အခွင့်အာဏာနှင့် ဘုန်းတော်သည် အပြည့်အဝ ထင်ရှားပေါ်လာမည်ဖြစ်ကာ (မ၊ ၆း၁၃)၊ မြေကြီးတစ်ပြင်လုံးနှင့် ၎င်း၏လူများသည် ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ဘုရားသခင့် ဖန်ဆင်းခြင်း၏ ကောင်းချီးမင်္ဂလာအပြည့်အဝအထဲသို့ ခေါ်ဆောင်လိမ့်မည်ဖြစ်သည် (ဟေရှာ၊ ၃၂း၁၊ ၁၆-၁၈။ ၃၅း၁-၂၊ ၅-၇)။

© 2025 Living Stream Ministry